# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး

# ပဉ္စမနေ့ မှတ်တမ်း

၁၃၇၂ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်

( ၂၀၁၁ ခုနှစ်၊ မတ်လ ၇ ရက် )

[ တနင်္လာနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး၊ ပဉ္စမနေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး၊ လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၄။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးရဲ့ ပဉ္စမနေ့ အစီအစဉ်ကို စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် ပဥ⊞စမနေ့ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်းကြေညာခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်မျှေးင်ဗျား ။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး ပဥ္စမနေ့မှာ အမျိုးသားလွှတ်တော် ကိုယ်စားလှ ယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေး သို့ တက်ရောက်ခွင့် ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၃) ဦး ရှိပြီး၊ ဒီကနေ့ အစည်းအဝေးကို (၂၂၃) ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးရေ စုစုပေါင်းရဲ့ (၁၀၀) ရာခိုင်နှုန်း တက်ရောက်တဲ့ အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ၄၀နဲ့ နည်းဥပဒေ၃၁၊နည်းဥပဒေခွဲ (က)နဲ့ (ဂ) တို့အရ အစည်းအဝေးအထမြောက်ကြောင်း နဲ့ အစည်းအဝေး စတင်ကျင်းပကြောင်းကြေညာပါတယ်။

( သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်။ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသား လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄ ၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ်အမျိုးသား လွှတ်တော်ပုံမှန် အစည်းအဝေးရဲ့ ပဥ္စမနေ့အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ ၊ နည်းဥပဒေ ခွဲ(ဂ) ၊ နည်းဥပဒေခွဲငယ်(၁)အရ ခွင့်ပန် ကြားလိုတဲ့ ကိုယ်စားလှယ်ဟာ မိမိ ကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်းခွင့်ပန်ကြားရမှာဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များရှိလျှင် ယခုခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူမရှိပါ။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ်အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေးပဉ္စမနေ့ကိုတက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးရေမှာ (၂၂၃)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ ၊ နည်းဥပ ဒေခွဲ(ဂ)၊ နည်းဥပဒေ ခွဲငယ်(၂)အရ ယခုလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အ ခြေအနေ တင်ပြချက်ကို အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စား လှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုပါသလား ခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အ ခြေအနေကို အမျိုးသား လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

# အစိုးရ၏ အာမခံချက်များကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်း

**အချိန်။ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှ ယ်များ ခင်ဗျား ။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၂၁ အရ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ ဖွဲ့စည်းရေးနဲ့ စပ်လျဉ်းပြီးရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၃ နဲ့ ၆၇ တို့အရအစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီကို(၁၅)ဦး ထက်မပိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ဖွဲ့စည်း ရမှာဖြစ်ပြီး ကော်မတီမှာ ပါဝင်သင့်တဲ့ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်အဖြစ်ပါဝင်သင့်တဲ့ လွှတ်တော် ကိုယ်စားလှယ်များရဲ့ အမည်စာရင်း၊ ကော်မတီကို တာဝန်ယူဦးဆောင်မယ့် ကော်မတီ ဥက္ကဋ္ဌ နဲ့ အတွင်းရေးမှူးတို့ရဲ့ အမည်စာရင်းများကို လွှတ်တော်မှာ တင်ပြပြီး အတည်ပြုချက် ရယူ ဖွဲ့စည်းရမှာဖြစ်ပါတယ် ။

ဖွဲ့စည်းခြင်းနှင့်တစ်ဆက်တည်းမှာပဲ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇ နဲ့ နည်းဥပဒေ ၃၄ အရ ကော်မတီရဲ့ အဖွဲ့ဝင်ဦးရေ၊ တာ ဝန်၊ လုပ် ပိုင်ခွင့်၊ ရပိုင်ခွင့်နဲ့ သက်တမ်းများကိုလည်း လွှတ်တော်က သတ်မှတ်ပေးရန် ဖြစ်ပါတယ်။ ဒါကြောင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီကို အဖွဲ့ဝင်(၁၅)ဦးနဲ့ ဖွဲ့စည်းရန် လျာထားပါတယ်။ ကော်မတီဝင်များရဲ့ သက်တမ်းတစ်နှစ် ပြည့် မြောက်တဲ့အခါမှာ ပြန်လည် သုံးသပ်ပြီး လိုအပ်ပါက သင့်လျော်သလို လဲလှယ်အစားထိုး တာ ဝန်ပေးအပ်သွားမှာ ဖြစ်ပါတယ်။ ဆက်လက်ပြီး လွှတ်တော်က သတ်မှတ်ပေး မယ့် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့ တာဝန်များ၊လုပ်ပိုင်ခွင့်များ၊ကော်မတီဝင်များ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများနဲ့ စပ်လျဉ်းပြီး အမျိုး သား လွှတ်တော် ဒုတိယဥက္ကဋ္ဌက ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။

# အစိုးရ၏အာမခံချက်များ ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်း

**အချိန်။ ၁၁း၁၀။**

**ဒုတိယဥက္ကဋ္ဌ။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော့်အနေဖြင့် အစိုးရ၏ အာမခံချက်များ ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်တွေနဲ့ စပ်လျဉ်းပြီး ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဆိုင်ရာဥပဒေပုဒ်မ ၂၁အရအပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေးကော်မတီကို ကိုယ်စားလှယ် များဖြင့် ဖွဲ့စည်းဆောင်ရွက် သွားမှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် ကော်မတီဝင်များရဲ့သက်တမ်း တစ်နှစ်ပြည့်တဲ့ အခါမှာပြန်လည်သုံးသပ်ပြီးတော့လိုအပ်သလိုသင့်လျော်သလို လဲလှယ်အစားထိုး၍ တာဝန် ပေးအပ်သွားမှာ ဖြစ်ပါတယ်။

ကော်မတီရဲ့တာဝန်များကတော့ ကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့က တင်သွင်းသော ဥပဒေ ကြမ်း၊ ဆုံးဖြတ်ချက်၊ အဆို သို့မဟုတ် အစီရင်ခံစာနှင့် စပ်လျဉ်း၍ လည်းကောင်း၊ အမျိုးသားလွှတ်တော် တွင် မေးမြန်းသော မေးခွန်းများနှင့်စပ်လျဉ်း၍ လည်းကောင်း ကတိပြုခဲ့သော အာမခံချက်များ ကတိများနှင့် တာဝန်ခံချက်များကို စိစစ်ရမည် ။

ကော်မတီသည် အမျိုးသားလွှတ်တော်တွင် အခါအား လျော်စွာ ကတိပြုခဲ့သည့် အာမခံချက်များ ၊ ကတိများနှင့်တာဝန်ခံချက်များကို လိုက်နာဆောင်ရွက်ခြင်း ရှိ /မရှိ စိစစ်ပြီး အောက်ပါအချက်များနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်သို့ တင်ပြရမည် (က) ပြည်ထောင်စု အစိုးရက ၎င်း၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များကို မည် သည့်အခြေအနေထိ အကောင်အထည်ဖော် ဆောင်ရွက်ပြီးကြောင်း၊ (ခ) အဆိုပါ အာမခံချက်များ ၊ ကတိများနှင့် တာဝန်ခံချက်များကို ပြည်ထောင်စု အစိုးရကဆောင်ရွက်ပြီးဖြစ်လျှင်ထိုသို့ ဆောင်ရွက်ခြင်းမှာ သတ်မှတ်သည့် ကာလအတွင်းဆောင်ရွက်ပြီးစီးခြင်း ရှိ /မရှိနှင့် မူလသတ်မှတ်ချက်အတိုင်း ပြီးစီးခြင်း ရှိ /မရှိ တို့ဖြစ်ပါတယ်။

အပိုဒ် ၂ ပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ထိရောက်မှန်ကန်စွာ ဆောင်ရွက်ထားခြင်း ရှိ /မရှိ စိစစ်နိုင်ရေးအတွက် လိုအပ်သည့်နေရာဒေသများသို့ သွားရောက်စစ်ဆေးနိုင်ပါတယ် ။

သာမန်အားဖြင့် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံ ချက်များကို ကော်မတီက စိစစ်ရာတွင် - (က) ကော်မတီတွင် အဆိုတင်သွင်းခြင်း၊ အကြံပြုချက်တင်သွင်းခြင်းတို့နှင့် စပ်လျဉ်း၍ထောက်ခံသူမလို။ (ခ) ကော်မတီဝင်များသည် ကိစ္စတစ်ခုနှင့်စပ်လျဉ်း၍ တစ်ကြိမ်ထက်ပိုပြီး ဆွေးနွေးနိုင်ခွင့်ရှိရမည်။ (ဂ)သက်ဆိုင်ရာဌာန ၊ အဖွဲ့အစည်းတို့ နှင့်ညှိနှိုင်းပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည် ။

ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦး ၏ပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကို သော်လည်းကောင်း ၊ ကော်မတီတွင် ဆွေးနွေးသော ဆွေးနွေးချက်များကို သော်လည်းကောင်း ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရပါ။ ကော်မတီအစည်းအဝေးမှတ်တမ်းများတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြု မှတ်တမ်းတင် ထားရ မှာဖြစ်ပါတယ် ။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်း မပြုရ ပါ။ အမျိုးသားလွှတ်တော်သို့ ပေးပို့သော အစီရင်ခံစာ မိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့် အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် လွှတ်တော်ရုံးသို့ ပေးပို့ရမှာ ဖြစ်ပါတယ်။

ကော်မတီ၏ လုပ်ပိုင်ခွင့်များ ကော်မတီအစည်းအဝေးများကို အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၇၀ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပ ရမည် ။

ကော်မတီသည်(က)အမျိုးသားလွှတ်တော်ကသတ်မှတ်သည့်ရက်အတွင်း အပြီးသတ် အစီရင်ခံစာကိုတင်ပြနိုင်ခြင်းမရှိပါကကြားဖြတ်အစီရင်ခံစာတင်ပြရမည်။ (ခ) အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့တင်ပြရမည်။ ကော်မတီဥက္ကဋ္ဌ မရှိလျှင်ကော်မတီအတွင်းရေးမှူး က သော်လည်းကောင်း၊ ကော်မတီ ဥက္ကဋ္ဌ နှင့် ကော်မတီ အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင် တစ်ဦးက သော်လည်းကောင်း တင်ပြရမှာ ဖြစ်ပါတယ် ။ (ဂ)ယင်းသို့တင်ပြရာတွင် ကော်မတီဝင်များသည်လည်း အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် ခြွင်းချက် သို့မဟုတ် သဘောထားကွဲလွဲချက်များရှိပါက ထိုခြွင်း ချက် သို့မဟုတ် သဘော ထားကွဲလွဲချက်များကိုရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဃ) အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ တင်ပြပြီးနောက် ကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌ မရှိလျှင် ကော်မတီအတွင်းရေးမှူး ကသော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌ နှင့် အတွင်းရေးမှူး မရှိလျှင် ကော်မတီ ဝင်တစ်ဦးက သော်လည်းကောင်း၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက သတ်မှတ်သောနေ့တွင် အစီရင်ခံစာကို ဆွေးနွေးစဉ်းစားရန် အဆို တင်သွင်းရမှာဖြစ်ပါတယ်။ ယင်းအဆိုအတည်ဖြစ်ပြီးသောအခါ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက ပေးသည့် ယူဆချက်များ ၊ ထင်မြင်ချက်များနှင့် အကြံဉာဏ်များကို ရယူနိုင်ပါတယ်။ သို့ရာတွင် အစီရင်ခံစာနှင့်စပ်လျဉ်းပြီးတော့ ပြင်ဆင်ချက်များ မပြုလုပ်ရပါ။ (င)အစီရင်ခံစာကို ဆွေးနွေးစဉ်းစားပြီးသောအခါ ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌမရှိလျှင် ကော်မတီ အတွင်းရေးမှူး ကသော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး မရှိလျှင် ကော်မတီဝင် တစ်ဦးကသော်လည်းကောင်း အစီရင်ခံစာကိုအမျိုးသားလွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းရမည်။

ကော်မတီဝင်များသည် (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ နှင့် အမျိုးသားလွှတ်တော်ဆို င်ရာ ဥပဒေများပါ ပြဋ္ဌာ န်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိပါတယ်။(ခ)အမျိုးသားလွှတ်တော်၏ လွှတ်တော်ကော်မတီ တွင် အများဆုံး နှစ်ခု ထိ ပါဝင်ဆောင်ရွက် နိုင် ခွင့် ရှိပါတယ်။ (ဂ)ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန် ခိုင်လုံသော အကျိုး အကြောင်း ဖော်ပြလျက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိပါတယ်။

ကော်မတီဝင်၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ။ကော်မတီဝင်များသည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့်အားလျော်စွာ ကော်မတီလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်ဖြစ်စေ ၊ ကော်မတီအစည်းအဝေး တက်ရောက်ရန်ဖြစ်စေ ကော်မတီရုံးစိုက်ရာဒေ သတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ တာဝန်အရ ခရီးသွားလာရာ၌လည်းကောင်း ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိပါတယ်။

ကော်မတီဝင်များသည် (က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေမှအပ အခြားဥပဒေများအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိပါသည်။ (ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း သက်ဆိုင်ရာ အဖွဲ့အစည်းအကြီးအမှူးမှတဆင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိပါသည်။(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်း မခံရမီ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေး များသို့ တက်ရောက်ခွင့်ရှိပါသည်။

## အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီတွင် အဖွဲ့ဝင်အဖြစ်ပါဝင်မည့်လွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းရန် အစည်းအဝေးခေတ္တရပ်နားခြင်း

**အချိန်။ ၁၀း၂၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား ။ မကြာမီမှာ ကော်မတီဝင်အဖြစ်လျာထားတဲ့ လွှတ်တော် ကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆွေးနွေးမှာ ဖြစ်ပါတယ် ။ ယခု အမျိုး သား လွှတ်တော်အစည်းအဝေးကို ခေတ္တရပ်နားပြီး နံနက် ၁၁း၀၀ နာရီ အချိန်မှာ ပြန်လည်ကျင်းပမှာဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ ကိုယ်စားလှယ်ကြီးများ ထိုင်နိုင်ပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ ခင်ဗျား ။

ယခု ကျွန်တော် တင်ပြမယ့် ကိုယ်စားလှယ်ကြီးများဟာ တင်ပြပြီးတဲ့အခါမှာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ရုံးခန်းကို ကြွရောက်ကြဖို့ ဖြစ်ပါတယ် ။

(၁) ဦးဂမ်ဆိုင်း၊ကချင်ပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၂)။

(၂) ဦးစခုန်တိန့်ယိန်း၊ကချင်ပြည်နယ်အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ်(၄)။

(၃) ဦးဘိုးရယ်၊ ကယားပြည်နယ်အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ်(၃)။

(၄) ဦးစောငြိမ်းသစ်ကရင်ပြည်နယ်အမျိုးသားလွှတ်တော်မဲဆန္ဒနယ် အမှတ်(၃)။

(၅) ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ်(၇)။

(၆) ဦးကံညွန့်၊ စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်မဲဆန္ဒနယ် အမှတ်(၅)။

(၇) ဦးသန်းဆွေ၊ တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်မဲဆန္ဒနယ် အမှတ်(၂)။

(၈) ဒေါက်တာစိုးထွန်း၊ မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်မဲဆန္ဒနယ် အမှတ်(၁)။

(၉) ဦးမှတ်ကြီး၊ မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ်(၉)။

(၁၀) ဦးဝင်းနောင်၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ်(၅) ။

(၁၁) ဦးဉာဏ်လင်း၊ ဧရာဝတီတို င်းဒေသကြီး အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ်(၃)။

(၁၂) ဒေါက်တာငွေးဝင်း၊ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်မဲဆန္ဒနယ် အမှတ်(၅)။

(၁၃) ဒေါက်တာအေးမောင်၊ ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ်(၁)။

(၁၄) ဦးစိုင်းကျော်ဇောသန်း၊ ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ်(၂)။

(၁၅) ဦးထွန်းကျော် (ခ)ဦးအိုက်ကျော်၊ ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ် (၁၀)။

[ညှိနှိုင်းချက်အရ ဦးဘိုးရယ်၊ ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၃) အစား ဦးလှမောင်၊ ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)နှင့် ဦးစောငြိမ်းသင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)အစား ဦးစောအောင်ကျော်နိုင် (ခ) ရှားဘူးဖော့၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)တို့အား ပြင်ဆင် ဖွဲ့စည်းသည်။]

ခု ကျွန်တော်ကြေညာတဲ့ ကိုယ်စားလှယ်ကြီးများ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ရုံးခန်းကို သွားရောက်ကြဖို့ဖြစ်ပါတယ်ခင်ဗျား။ ကျန်တဲ့ကိုယ်စားလှယ်ကြီးများကတော့ ပြန်လည် ထွက်ခွာနိုင်ပါတယ် ခင်ဗျား။ ကိုယ်စားလှယ်ကြီးများ ပြန်လည် ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

**အချိန်၊ ၁၀း၂၂။**

[အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကို ၁၀း၂၀ နာရီအချိန်တွင် ရပ် နားပြီး ၁၁း၀၀နာရီ အချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေး ပြန်လည် စတင်တော့မှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

# အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေးကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌ နှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်း တင်ပြခြင်း

**အချိန်။ ၁၁း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၁ ၊ နည်းဥပဒေ ၃၃ နဲ့ ၆၇ တို့အရ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေးကော်မတီကိုလွှတ်တော် ကိုယ်စားလှယ်များနဲ့ ဖွဲ့စည်းနိုင်ရေးအတွက် အစိုးရ၏ အာမခံချက်များ ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ မှာ ပါဝင်သင့်တဲ့ အဖွဲ့ဝင်ဦးရေ ၊ အဖွဲ့ဝင်များ၏ အမည်စာရင်းကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ရဲ့ အမည်စာရင်း ကို လွှတ်တော်သို့ တင်ပြပါ့မယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။

အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီကို အဖွဲ့ဝင်(၁၅)ဦးနဲ့ ဖွဲ့စည်းမှာဖြစ်ပါတယ်။ အဖွဲ့ဝင်များ ရဲ့ အမည်စာရင်းကတော့ -

- ဦးဂမ်ဆိုင်း၊ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။
- ဦးစခုန်တိန့်ယိန်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။
- ဦးလှမောင်၊ ကယားပြည်နယ်၊ မဲဆန္ဒနယ် အမှတ်(၁၁)။
- ဦးစောအောင်ကျော်နိုင်(ခ)ရှားဘူးဖော့ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)။
- ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)။
- ဦးကံညွန့်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)။
- ဦးသန်းဆွေ၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)။
- ဒေါက်တာစိုးထွန်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)။
- ဦးမှတ်ကြီး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)။
- ဦးဝင်းနောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)။

- ဦးညာဏ်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)။
- ဒေါက်တာဌေးဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)။
- ဒေါက်တာအေးမောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)။
- ဦးစိုင်းကျော်ဇောသန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)။
- ဦးထွန်းကျော် (ခ)ဦးအိုက်ကျော်၊ရှမ်း ပြည်နယ် မဲဆန္ဒနယ် အမှတ် (၁၀)

တို့ ဖြစ်ပါတယ်။

အစိုးရ၏အာမခံချက်များကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ ဥက္ကဋ္ဌအဖြစ် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင်အား လည်းကောင်း ၊ အတွင်းရေးမှူးအဖြစ် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဝင်း နောင်အား လည်းကောင်း တာဝန်ပေးအပ် ဖွဲ့စည်းသွားမည် ဖြစ်ကြောင်း တင်ပြပါတယ် ။

## အစိုးရ၏အာမခံချက်များ ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီတွင် ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့်အတွင်းရေးမှူး တို့၏ အမည်စာရင်းကိုလည်းကောင်း၊ အစိုးရ၏အာမခံချက်များ ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏တာဝန်၊လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များကိုလည်းကောင်း အမျိုးသားလွှတ်တော်၏အတည်ပြုချက်ရယူခြင်းနှင့် အစိုးရ၏အာမခံချက်များ ၊ကတိများ နှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ ဖွဲ့စည်းကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အစိုးရ၏ အာမခံချက်များ ၊ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီမှာ ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း ၊ ကော်မတီ ဥက္ကဋ္ဌ နဲ့ အတွင်းရေးမှူးတို့ရဲ့ အမည်စာရင်းကို တင်ပြလို့ပြီးပါပြီ။ အစိုးရ၏အာမခံချက်များ ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဖွဲ့စည်းရန်တင်ပြချက်ကိုလည်းကောင်း၊အစိုးရ၏အာမခံချက်များ၊ကတိများနှင့်တာဝန်ခံချက်များ

စိစစ်ရေးကော်မတီရဲ့တာဝန်၊ လု ပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များနဲ့ စပ်လျဉ်းသည့် တင်ပြချက်ကို လည်းကောင်း အမျိုးသားလွှတ်တော် ရဲ့ အတည်ပြုချက် ရယူမှာ ဖြစ်ပါတယ်။

ယခုတင်ပြချက်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက အတည်ပြုပါ သလား ခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကအတည်ပြုတဲ့အတွက်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီမှာဥက္ကဋ္ဌအဖြစ်ဒေါက်တာအေးမောင်အား လည်းကောင်း၊ အတွင်းရေးမှူးအဖြစ်ဦးဝင်းနောင်အား လည်းကောင်း အဖွဲ့ဝင်များအဖြစ် ဦးဂမ်ဆိုင်း၊ ဦးစန္ဒီတိန့်ယိန်း ဦးလှမောင်ဦး စောအောင်ကျော်နိုင်(ခ)ရှားဘူးဖော့၊ ဒေါက်တာဗညားအောင်မိုး၊ ဦးကံညွှန့်၊ ဦးသန်းဆွေ၊ ဒေါက်တာစိုးထွန်း ၊ ဦး မှတ်ကြီး ဦး ဥာဏ်လင်း၊ ဒေါက်တာဌေးဝင်း၊ ဦးစိုင်းကျော်ဇောသန်းဦးထွန်းကျော်(ခ)ဦးအိုက်ကျော်တို့နဲ့ ဖွဲ့စည်းကြောင်းနှင့် အစိုးရ၏အာမခံချက်များ ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်တို့နဲ့ စပ်လျဉ်းသည့် တင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်အစည်းအဝေးပဉ္စမနေ့ရပ်နားခြင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ကျင်းပမည့် နေ့ရက်သတ်မှတ်ခြင်း

**အချိန်။ ၁၁း၀၉။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကိုရပ်နားပါမယ်။ အမျိုးသားလွှတ်တော်ပုံမှန် အစည်းအဝေးဆဋ္ဌမနေ့ကို ၂၀၁၁ ခုနှစ် မတ်လ၉ရက်(ဗုဒ္ဓဟူးနေ့)၁၀း၀၀အချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ် ။( သြဘာသံများ)

**အချိန်၊ ၁၁း၁၀။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး ပြန်လည် ထွက်ခွာနိုင်ပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးပဉ္စမနေ့ အစည်းအဝေးကို ၁း၁၀ နာရီ အချိန်တွင် ရပ်နားပါသည်။]